
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 477 - 490)
စာစဉ် - ၃၅

## အပိုင်း ၄၇၇
## အိမ်မွေးတိရစ္ဆာန်ကဲ့သို့သော ဝံပုလွေကြီးများ

ခွေးလား ဝံပုလွေလားတောင် မသေချာတဲ့ ဒီအနက်ရောင် သတ္တဝါကြီးက လောလောဆယ်တွင် ပဒေသရာဇ်မင်းသမီးလေးနား၌ ပျော်ရွှင်စွာ လှည့်ပတ်နေသည်။ သူက သူမပေါ်ခုန်တက်ကာ မျက်နှာကို လျှာနဲ့ လျက်ချင်ပေမယ့် မဝံ့မရဲ ဖြစ်နေပုံရသည်။ ဒီလို အရွယ်မှာ ခွေးတွေတောင် သတိပိုရှိကြသည်။ ကိုယ်ရံတော်လေးက သူ ဒီတိရစ္ဆာန်၏ မျက်လုံးထဲ၌ ပျော်ရွှင်မှုများ၊ မျက်နှာမျက်နှာရ လုပ်နေခြင်းနှင့် သဘောကျအောင် ကျိုးနွံ့နေတဲ့ ဆန္ဒတွေကို အမှန် တကယ်မြင်တွေ့ခဲ့ရတာပဲလို့ တွေးလိုက်သည်။

"မဲလုံးလေး၊ မင်းက ဒီမင်းသားရဲ့ အနာဂတ်ကြင်ယာတော်ကို လျှာနဲ့ လျက်ရဲရင် ဒီမင်းသားက မင်းကို ခေါင်းကနေ ခြေဖျားထိ အရေခွံခွာပြီး အသားတွေကို ခွေးကျွေးပစ်မယ်... မယုံရင် စမ်းကြည့်လိုက်..."

ကျူးကျွင်းယန်၏အသံက ထက်ရှတဲ့ ဓားတစ်လက်လို အေးစက်နေပြီး မဲလုံးလေးရဲ့ အမွေးထူထူများ ကြားထဲ ထိုးဖောက်ဝင်ရောက်သွားပုံရသည်။

မဲလုံးလေးက ကြောက်ရွံ့နေသည့်ပုံစံဖြင့် သူ့လည်ပင်းကို နောက်ပြန်ဆုတ်လိုက်ပြီး နားရွက်ကုပ်ကာ သခင်ဖြစ်သူနောက် ပြေးပုန်းသွားသည်။ ကံမကောင်းစွာနဲ့ပဲ သူ့သခင်က သေးလွန်းနုနယ်လွန်းနေသည်။

ဘယ်လောက်ပဲ ခက်ခက်ခဲခဲ ကြိုးစားနေပါစေ သူမနောက်ကွယ်မှာ သူရဲ့ ကြီးမားပြီး ထွားကျိုင်းတဲ့ ပုံသဏ္ဍာန်ကို လုံးဝ ဖုံးကွယ်ထားလို့ မရလိုက်ပေ။ မဲလုံးလေးက မျက်လုံးတွေကို ခိုးကြောင်ခိုးဝှက် မော့ကြည့်ကာ အထွတ်အမြတ်ထား သားကောင်လို့ယူဆရတဲ့ ထို'လူသား' ကို တစ်ချက်ကြည့်လိုက်သည်။ သူ့စိတ်နှလုံးသားထဲမှာတော့ သူ အနာဂတ်မှာ ဒီလူကို စိတ်ဆိုအောင် လုပ်လို့မဖြစ်ဘူး ဆိုတာကို သိနေသည်။

ဖြူလုံးလေးကတော့ ပျော့ညံ့တဲ့ အစ်ကိုဖြစ်သူကို စိုက်ကြည့်လိုက်ပြီး ယွီ ရှောင်ချောင်းဆီကို ရောက်ဖို့ ကိုယ်ရုံတော် တပ်အဝိုင်းကို မောက်မောက်မာမာ ခေါင်းမော့ကာ ဖြတ်လျှောက်လိုက်သည်။ သူက ကျူးကျွင်းယန် စိုက်ကြည့်နေတဲ့ ဖိအားကို ခံနိုင်ရည်ရှိစွာပင် သူ့ရဲ့ အမွေးဖွာဖွာတွေ ခေါင်းကြီးကို ရှောင်ချောင်းဆီ တွန်းထိုးလိုက်သည်။ သူသည် ငယ်ငယ်တုန်းကလိုပင် မာနကြီးစွာ လက်နှစ်ဖက် မြှောက်၍ အချစ်ခံရဖို့ တောင်းဆိုနေသလို ပြုမူနေသည်။

ရှောင်ချောင်းက သူ့လည်ပင်းကို ပွေ့ဖက်ကာ ခေါင်းကို အကြိမ်အနည်းငယ် ပုတ်လိုက်သည်။ ဖြူလုံးလေးက မကျေမနပ်ဖြစ်နေဟန်ဆောင်နေပေမယ့်လည်း သူ့မျက်လုံးတွေကတော့ ပျော်ရွှင်မှုများနဲ့ တောက်ပနေသည်။ သခင်ဖြစ်သူက မယုံနိုင်လောက်အောင် ရနံ့ကောင်းနေတော့ သူမအပေါ် ခုန်အုပ်ချင်လာသည်။

ဒါပေမယ့်လည်း သူ့သခင်ဖြစ်သူက အမှန်တကယ်ကို သေးကွေးပြီး အားနည်းလွန်းတယ်။ သူ့အပေါ်ကို ခုန်အုပ်လိုက်ရင် နှစ်ပိုင်းကွဲသွားလိမ့်မယ်။ ဘာလုပ်ရမလဲ.. အကျပ်ရိုက်လိုက်တာ!

ဖြူလုံးလေးက ရှောင်ချောင်းရဲ့ ပုခုံးပေါ် သူ့မေးစေ့ကြီးကို အသာအယာ တင်လိုက်ပြီး သူမရဲ့ နူးညံ့နေတဲ့ မျက်နှာကို သူ့ရဲ့ အမွေးထူထူမျက်နှာနဲ့

ပွတ်သပ်လိုက်သည်။ သူ့သခင်ဆီမှ ကြင်နာစွာ ပွတ်သပ်ပေးခံရသည့် ခံစားချက်ကိုသူ သဘောကျသည်။ ပြီးနောက် စိန်းစိန်းဝါးဝါးကြည့်နေတဲ့ တော်ဝင်မင်းသားယန်ကို ရန်စတဲ့ အကြည့်လေးတောင် တစ်ချက်လွှတ်လိုက်သေးသည်။ 'လူသားလေး၊ လူသားတစ်ယောက်အတွက် ဒီဝံပုလွေဘုရင်နဲ့ တိုက်ခိုက်ချင်တယ်ဆိုရင်တော့ မင်းက နည်းနည်း နုံအလွန်းနေသေးတယ်!'

မဲလုံးနဲ့ ဖြူလုံးလေးကို ယွီရှောင်ချောင်း နောက်ဆုံးတွေ့ခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်သည်။ သူမက သူတို့ လည်ဂုတ်နှစ်ခုလုံးကို ပွေ့ဖက်ထားရင်း သူတို့နဲ့ ခဏမျှ ပျော်ရွှင်နေသည်။ ကိုယ်ရံတော်တွေ အားလုံးက သူတို့ရဲ့သခင်အသစ်ဖြစ်သူကို လည်ချောင်းထဲ သူတို့နှလုံးသားတွေ ခုန်ထွက်မတတ် စောင့်ကြည့်နေကြရသည်။ သူမထက်တောင် အရပ်ပိုရှည်တဲ့ ဒီဝံပုလွေနှစ်ကောင်ရှေ့မှာ သူမဟာ အတော်လေး နမောနမဲ့ လုပ်နေသည် ။ သူမက တစ်ကောင်ကို ခေါင်းပွတ်နေပြီး တခြားတစ်ကောင်ကိုတော့ နားရွက်ဆွဲနေသည်။ ပြီးနောက် ဝံပုလွေနက်၏ နောက်ကျောပေါ် ခုန်တက်လိုက်ကာ ထိုသတ္တဝါကြီးအား ခြေလှမ်းအနည်းငယ်တောင် လှမ်းခိုင်းလိုက်သေးသည်။

ထိုအရာကြောင့် ကိုယ်ရံတော်တွေအားလုံး က အံ့သြနေရသည်။ ဒီတိရိစ္ဆာန်တွေက တကယ်ပဲ ဝံပုလွေတွေလား။ သူတို့က ဝံပုလွေတွေလို့ ရှင်းရှင်းလင်းလင်း သိနေပေမယ့် ခွေးအများစုထက်တောင် ဘာကြောင့် ပိုကျိုးနွံနာခံတတ် နေကြတာလဲ။ မဟုတ်သေးဘူး။ ဒီတိရစ္ဆာန်နှစ်ကောင်က ယွီမိသားစုဘေးမှာဆို နူးညံ့သိမ်မွေ့ကြပေမယ့် အစောပိုင်းကတော့ ကိုယ်ရံတော်တွေကို သူတို့ အစွယ်တွေနဲ့ တားဆီးပြနေတာ ထင်ရှားတယ်! ဒါပေမယ့်လည်းကြည့်ရတာ ဒီသတ္တဝါနှစ်ကောင် သူတို့သခင်မလေးအပေါ်

ထားတဲ့သဘောထားက တခြားယ္ဂီမိသားစုဝင်တွေထက် ပိုရင်းနှီးချစ်ခင်နေတာကြောင့် ဒီသတ္တဝါနှစ်ကောင်က သူတို့သခင်အသစ်ဖြစ်သူရဲ့ အိမ်မွေးတိရစ္ဆာန်တွေ ဖြစ်ရမည်။

အိုင်း! ဒါက သူတို့ရဲ့ သခင်ဟောင်း(မင်းသားယန်)ကို မျက်စိစုံမှိတ် စွဲလမ်းနေစေတဲ့ သူမရဲ့ ထူးခြားတဲ့ လက္ခဏာပဲ ဖြစ်ရမယ်။ သူမက ဒီလို သေးကွေးပြီး ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပေမယ့်လည်း ရက်စက်ကြမ်းကြုတ်တဲ့ ဝံပုလွေတွေကိုတောင် နူးညံ့သိမ်မွေ့တဲ့ သိုးကလေးတွေလို ဖြစ်အောင်အထိ လေ့ကျင့်ပေးနိုင်တယ်။ သူမက တော်ဝင်မင်းသားယန်မှာရှိတဲ့ 'ရက်စက်ကြမ်းကြုတ်တဲ့ သားရဲ' ကို ယဉ်ပါးစေခဲ့တာ အံ့သြစရာ မဟုတ်တော့ဘူး။

ဒီကိုယ်ရံတော်အားလုံးကို တော်ဝင်မင်းသားယန်က သူ့ကိုယ်ပိုင် အဆင့်လောက်ရှိတဲ့ ကိုယ်ရံတော်တပ်မှ ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်ပေးတာဖြစ်သည်။ သူတို့က ယ္ဂီမိသားစု၏ နေအိမ်အသစ်ကို စောင့်ကြပ်ဖို့ စေလွှတ်ခံရသည်။ သူတို့ထဲမှ အများစုက သခင်ဟောင်းဖြစ်သူနှင့်အတူ ကြီးပြင်းလာခဲ့ကြပြီး တချို့မှာ တော်ဝင်မင်းသားယန်က လေ့ကျင့်သင်ကြား ပေးထားတာ ဖြစ်ပြီး သူ့ရဲ့အရူးအမူး 'လေ့ကျင့်မှု' များကိုပင် ခံနိုင်ရည်ရှိကြသည်။

သူတို့ရဲ့ သခင်ဟောင်းက သူ့ကိုယ်သူ ထိန်းချုပ်မှု ဆုံးရှုံးသွားသည့်အချိန်ကို သူတို့အားလုံး ကြုံဖူးသည်။ ထို့အပြင် သူရူးသွပ်နေချိန်၌ သူ့ကို အနိုင်ယူဖို့ သူတို့၏ အသက်အန္တရာယ်ကိုပင် စွန့်စားဖို့ရန် တာဝန်ရှိသည်။ သဘာဝကျကျပင် သူတို့က သူ့ရဲ့ပြိုင်ဖက်တွေ မဟုတ်ခဲ့။ ထိုတိုက်ပွဲများအတွင်း သူတို့တွေ မကြာခဏ ဒဏ်ရာရခဲ့ကြပြီး သခင်ဟောင်းဖြစ်သူ ငြိမ်သက်သွားပြီးနောက် ခဏအကြာမှသာ ပြန်လည် သက်သာလာခဲ့ကြသည်။

သို့သော်လည်း သူတို့ရဲ့သခင်ဟောင်းက သခင်အသစ်နဲ့ သိကျွမ်းလာပြီး ကတည်းက သူ့ပင်ကိုယ်စရိုက်က ကြီးကြီးမားမား ပြောင်းလဲသွားပုံရကာ ထိုကတည်းက ဒေါသတွေ ထပ် မပေါက်ကွဲလာသေးပေ။ သူတို့က သူ့ကို တားဖို့ရန်အတွက် သူတို့ကိုယ်သူတို့ ဘယ်တော့မှ မစွန့်စားရတော့ဘဲ ဒဏ်ရာ ကြီးကြီးမားမားလည်း မရရှိတော့။ ယွီအိမ်တော်သို့ ပို့ဆောင်ခံရသူတွေက စိတ်ထဲမှာ အနည်းငယ် တွန့်ဆုတ်နေကြပေမယ့်လည်း ကျန်ရစ်ခဲ့ကြတဲ့ ရဲဘော်ရဲဖက်တွေကတော့ သူတို့ကို မနာလိုအားကျ ဖြစ်နေကြသည်။

သူတို့ရဲ့သခင်အသစ်ဖြစ်သူ နောက်လိုက်ရတာ သူတို့ရဲ့အသက်တွေ ပိုမိုလုံခြုံလာရုံသာမကဘဲ သူတို့ရဲ့ သခင်အသစ်က အလွန်ရက်ရောသေးသည်။ သူမက အစေခံတွေကို ဆန်းသစ်တဲ့ တစ်ခုခု စားဖို့ ပေးတဲ့အခါတိုင်း သူတို့လည်း တစ်စိတ်တစ်ပိုင်း ရသည်။ ဒါကြောင့် သူတို့ရဲ့ နေ့ရက်တွေကို အေးအေးဆေးဆေး သက်တောင့်သက်သာနဲ့ ဖြတ်သန်းခဲ့ရသည်။ အိုး... အချိန်တွေ သိပ်မကြာသေး ပေမယ့် သူတို့အားလုံး သူတို့ရဲ့ ခါးပတ်တွေကို ဆိုဒ်တိုးလိုက်ရပြီး အပေါက်အသစ်ပါ ပြောင်းထိုးနေရပြီ။

ဒါပေမယ့်လည်း သူတို့မှာ အသိတရားမရှိတာတော့ မဟုတ်။ သခင်အသစ် ရရှိပြီးနောက်မှာလည်း သူတို့ရဲ့ သခင်ဟောင်းဖြစ်သူကို မေ့မထားပေ။ ထို့အပြင် ယွီအိမ်တော်အတွက် အစောင့်အကြပ် အသစ်တွေကို လေ့ကျင့်သင်ကြား ပြီးသည်နှင့် သူမ လက်ထပ်ချိန်တွင် ခန်းဝင်ပစ္စည်း တစ်စိတ်တစ်ပိုင်းအဖြစ် သူတို့ရဲ့ သခင်အသစ်ဖြစ်သူနောက် လိုက်လာနိုင်တယ်လို့ တော်ဝင်မင်းသားက ပြောထားသည်။ အဲဒီအချိန်မှာ တော်ဝင်မင်းသားက အိုးအိမ်ခွဲနေဖို့ စီးစဉ်ထားပြီး သူတို့ကို ကာကွယ်ဖို့ ကိုယ်ရံတော်တွေ လိုအပ်နေတာကြောင့် သူနဲ့အတူ လိုက်သွားနိုင်တယ်...။ အာ!.. တစ်ခုခုတော့ မှားနေသလိုပဲ.. မင်းသားနဲ့ နှိုင်းယှဉ်ရင် ကိုယ်ခံပညာ ပြိုင်ဘက်ကင်း

ကျွမ်းကျင်သူတွေ ဖြစ်တဲ့ သူတို့က ယခု သူတို့သခင်အသစ်ကို လှည့်ပတ်နေတဲ့ ဝံပုလွေနှစ်ကောင်လို ရုတ်တရက် ခံစားမိနေရတာလဲ။

"မဲလုံးလေး၊ ဖြူလုံးလေး... မင်းတို့နှစ်ယောက်က... ငါတို့နဲ့ မြို့တော်ကို သွားဖို့ စီစဉ်နေတာလား..."

ယွီရှောင်ချောင်းက ဝံပုလွေနှစ်ကောင်ကို အနည်းငယ် အံ့အားသင့်စွာ ကြည့်လိုက်သည်။ သူတို့နှစ်ယောက်က လွတ်လပ်မှုကို တန်ဖိုးမထားလို့ နေအိမ်မှာ ချုပ်နှောင်ထားရတာကို မကြိုက်တာ မဟုတ်ဘူးလား။ သူတို့က ဘာလို့ ရုတ်တရက်ကြီး သူမနဲ့အတူ မြို့တော်ကို လာချင်တာလဲ။

ပြတ်ပြတ်သားသား ခွဲကောင်းစွာ စိုက်ကြည့်နေတဲ့ ထိုမျက်ဝန်းတွေကို မြင်လိုက်ရတော့ ယွီရှောင်ချောင်း အနည်းငယ် စိတ်မသက်မသာ ခံစားသွားရသည်။ တုန်ရှန်းရွာမှာဆို သူမက သူတို့က ဝံပုလွေနဲ့ ခွေး သွေးနှောထားတာလို့ ရွာသားများကို လှည့်စားနိုင်သေးသည်။ ထို့အပြင် သူတို့နှစ်ကောင်က ရွာထဲတွင် ကြီးပြင်းလာကာ နူးညံ့သိမ်မွေ့ကြသည်။ မတော်တဆကိစ္စများပင် မဖြစ်ပွားခဲ့။

ဒါပေမယ့် မြို့တော်မှာတော့ ကွဲပြားသည်လေ။ သူတို့တွေ လမ်းများပေါ်ဆို တော်ဝင်မိသားစုရဲ့ဆွေမျိုးတွေ ဒါမှမဟုတ် အဆင့်အတန်းမြင့် မိသားစုဝင်တွေနဲ့ ဝင်တိုးနိုင်သည်။ သတိမထားမိဘဲ တစ်ယောက်ယောက်ကိုများ ထိခိုက်သွားခဲ့ရင် အကျိုးဆက်တွေကို သူမ ခံနိုင်ရည်ရှိမှာ မဟုတ်ပေ။ ပြောရမယ်ဆိုရင် ဒီနှစ်ကောင်က သာမာန်အားဖြင့် သိမ်မွေ့ပေမယ့် ဒါက ဘယ်သူနဲ့ ဆက်ဆံသလဲ ဆိုတဲ့အပေါ် မူတည်သေးတယ်။ တကယ်လို့ သူတို့က လူစိမ်းတစ်ယောက်ယောက် အနီးအနားတွင် ရှိနေပြီး ရန်စခံရရင်တော့ မကိုက်ဘူလို့ သူမ အာမ မခံနိုင်ပေ။ မကိုက်ခဲ့ရင်တောင် အမှားလုပ်တဲ့သူကို ဘောင်းဘီဆွဲကိုက်ပြီး ခြောက်လှန့်လိမ့်မည်သာ။

ယွီရှောင်ချောင်းက ကျစ်စုတ်သပ်လိုက်ပြီး သူမစိတ်ထဲ မဆုံးဖြတ်နိုင်တော့ပေ။ သူတို့နှစ်ကောင်က သူမနှင့်အတူ ကြီးပြင်းလာခဲ့ပြီး သူတို့တစ်သက်လုံး အံ့ဖွယ်ကျောက်ရေကို တိုက်ကျွေးခဲ့သည်။ သူတို့၏ သခင်ကတုံ့ဆိုင်းနေတာကို တွေ့ရတော့ ဖြူလုံးနဲ့မဲလုံးတို့မှာ စွန့်ပစ်ခံရတဲ့ခွေးကလေးတွေလို ငြိမ်ကုပ်ကျသွားတော့သည်။

မဲလုံးလေးက 'ဝူးဝူး...သခင်၊ ဒီအကောင်လေးက တောင်ပေါ်မှာ အထီးမကျန်ချင်တော့ဘူး.. ဒီက သခင်နဲ့အတူသွားပြီး နှစ်သစ်ကို ဆင်နွှဲချင်တယ်.. မြို့တော်ကို ပတ်ပြီး ဘယ်လိုလဲလို့ ကြည့်ချင်တယ်... ဝူးဝူး မဲလုံးလေးကို မစွန့်ပစ်လိုက်ပါနဲ့.. မဲလုံးလေးက နာခံကျိုးနွံ့ပါ့မယ်!'

တစ်ဖက်မှာတော့ သာမန်အားဖြင့် ဒေါသကြီးပြီး မောက်မာတတ်တဲ့ ဖြူလုံးလေးက ဝမ်းနည်းဖွယ် အတွေးတွေ ကြားထဲ လွင့်မျောနေသည်။

'သခင်က မြို့တော်မှာ အိမ်မွေးတိရစ္ဆာန်အသစ်ရနေလို့ သူ့စိတ်ထဲမှာ ငါတို့ရဲ့ အဆင့်အတန်းက လျော့သွားတာလား... အဆင်မပြေဘူး... သခင်ရဲ့နှလုံးသားထဲမှာရှိတဲ့ ငါတို့ရဲ့နေရာကို အသစ်တစ်ယောက်ယောက်ကသိမ်းပိုက်ခွင့်ကို လုံးဝခွင့်မပြုနိုင်ဘူး... သခင်က ငါတို့ကို မခေါ်ခဲ့ရင်တောင် ငါတို့က သူ့နောက်ကနေ တိတ်တဆိတ် လိုက်လို့ရသေးတယ်...ငါတို့နေရာတွေကို ဘယ်သူက အရဲတင်း ယူရဲလဲဆိုတာကို ငါတို့ ရှာရမယ်... ငါတို့နေရာကို ထိန်းသိမ်းဖို့ သေတဲ့အထိ တိုက်ပွဲဝင်ပစ်မယ်!'

ကျူးကျွင်းယန်က ဝံပုလွေဖြူလေးကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်ပြီး ဝံပုလွေနှစ်ကောင်ရဲ့ မျက်ဝန်းတွေထဲက စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ပုံစံကိုလည်း အကြည့် မလွတ်ခဲ့ပေ။ သူ့မှာ ဉာဏ်ဖတ်နိုင်စွမ်းရှိပေမယ့် တိရစ္ဆာန်တွေရဲ့ အတွေးတွေကို ဖတ်ရှုတာတော့ အကျုံးမဝင်ဘူးလေ။ ဒါပေမယ့်လည်း ဒီကိစ္စနှင့်ပတ်သက်ပြီး သူ့မိန်းမငယ်လေးက သဘောထား

ကွဲလွဲနေတာကိုတော့ သူ ရှင်းရှင်းလင်းလင်း ပြောနိုင်တယ်။

"မင်း သူတို့ကို မခေါ်ဘဲ မနေနိုင်ရင် အတူတူခေါ်ခဲ့လိုက်ပါ... နောက်ပိုင်းကျရင် ဒီမင်းသားက အနောက်ကမ္ဘာခြမ်းကနေ ယူဆောင်လာတဲ့ တိရစ္ဆာန်အသစ်တွေလို့သာ ပြောလိုက်ရုံပေါ့... ဒါ အလုပ်မဖြစ်ဘူးလား... မင်းကိုယ်မင်း ဘာအတွက် စိတ်ဒုက္ခခံနေတာလဲ..."

သူက တိရစ္ဆာန်နှစ်ကောင်ကြားကနေ တိုးဝှေ့ကာ ကောင်မလေးရဲ့ခေါင်းကို အသာအယာ ပုတ်လိုက်ရင်း ဆုံးဖြတ်ချက်ချဖို့ ကူညီပေးလိုက်သည်။ မဲလုံးလေးရဲ့ မျက်လုံးလေးတွေက ပျော်ရွှင်မှုတွေနဲ့ တောက်ပလာပြီး မင်းသားကိုကြည့်ကာ

'မင်းကအရမ်းကောင်းတာပဲ... အစ်ကိုကြီး ဒီမဲလုံးလေးက ရစ်ငှက်ရိုင်းတွေ စားဖို့ အစ်ကိုကြီးကို ဖိတ်မယ်!'

ဖြူလုံးလေးက သူ့သခင်ရဲ့ခေါင်းကို အချိန်အကြာကြီး ပွတ်သပ်နေတဲ့ ကျူးကျွင်းယန်ရဲ့လက်ကို မျက်လုံးစိမ်းကြီးနဲ့ စိုက်ကြည့်နေရင်း

'ဒီလူမှာ သခင်အတွက် မသင်္ကာစရာရည်ရွယ်ချက်တွေ ရှိနေတယ်... ငါ သူ့လက်ကို ကိုက်ပစ်လိုက်သင့်လား... ဒါမှမဟုတ် ကိုက်စားပစ်လိုက်သင့်လား... ငါ ကိုက်စားပစ်လိုက်သင့်တယ်...'

ကျူးကျွင်းယန်က ဝံပုလွေများအား မျက်ခုံးပင့်ကြည့်လိုက်ပြီး

'မင်း စမ်းကြည့်ချင်လား... မင်းကပဲ ငါ့လက်ကို ကိုက်လိုက်နိုင်မလား ဒါမှမဟုတ် ငါကပဲ မင်းရဲ့သွားတွေ အားလုံးကို အရင်ဆွဲထုတ်ပစ်နိုင်မလား...'

ဖြူလုံးလေးက သူ့ရှေ့ကလူရဲ့ စွမ်းရည်ကို ချိန်ဆကာ အနည်းငယ် စိတ်ဓာတ်ကျသွားသည်။ ပညာရှိတဲ့ သူတစ်ယောက်က အခြေအနေ အရပ်ရပ်ကို လိုက်နာရန် လိုအပ်တယ်။ အခု ဒီလူကို တိုက်ခိုက်ရာမှာ အောင်နိုင်မှု

မရှိနိုင်သေးအတွက် အခု နှိမ့်ချလိုက်တာပဲ ပိုကောင်းပါတယ်။

ဒါကြောင့် မြို့တော်ကို သွားတဲ့ ရထားတွဲမှာ ခွေးနဲ့တူတဲ့ တိရစ္ဆာန်ကြီး နှစ်ကောင်ကို ထပ်ထည့် လိုက်ရသည်။ အဖြူရောင်လေးက တည်ငြိမ်နေသဖြင့် ရှောင်ချောင်းရဲ့ ရထားလုံးရဲ့ ဘယ်ဘက် ဒါမှမဟုတ် ညာဖက်ခြမ်းမှ စောင့်ကြပ်လိုက်ပါ စေလိုက်သည်။ ရင်းချွမ်က အဖြူရောင်လေးကို တော်တော်လေး စိတ်ဝင်စားနေပြီး မေးလာသည်။

"မမလေး၊ဖြူလုံးလေးက တကယ့် ဝံပုလွေလား... ဝံပုလွေဖြူတွေ တကယ်ရှိတယ်လား... အရမ်းလှတာပဲ... ဒီအစေခံက မမလေးလို သူ့ကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးချင်လိုက်တာ... ဒါပေမယ့် သူက တကယ် ဒေါသကြီးပြီး အထက်စီးဆန်ပုံပဲ... ဒီအစေခံက သူ့ကို ထိဖို့ကြိုးစားလိုက်ရင် ကိုက်ခံရမှာလား..."

"မင်း ကြိုးစားကြည့်ရင် သိမှာပဲ မဟုတ်ဘူးလား..."

ဒီကြမ်းတမ်းပုံပေါက်နေတဲ့ အကောင်နှစ်ကောင်ကို သခင်မလေးက ငယ်စဉ်ကတည်းက မွေးမြူခဲ့ပြီး လူတွေကိုအန္တရာယ်မပြုကြောင်း သိလိုက်ရသောအခါတွင် ဝူထုန်မှာ အနည်းငယ် သက်သာရာ ရသွားသည်။ သို့သော်လည်း သူမက ၎င်းတို့ကို သဘောကျနိုင်သေးပေ။ ရင်းချွမ်းက အသိဥာဏ်ထက် ရဲရင့်တဲ့ သူတစ်ယောက်ပသ်။ တခြားလူတွေ ဒီလို ကြမ်းတမ်းတဲ့ သားရဲတွေကို ရှောင်ဖို့ အစွမ်းကုန် ကြိုးစားနေကြပေမယ့် ဒီ မိန်းကလေးကတော့ ရင်းနှီးဖို့ ကြိုးစာချင်နေသည်။ တကယ်လို့ တစ်ယောက်ယောက်က သူတို့ကို မတော်တဆ ရန်စမိသွားလို့ လက်တွေ ခြေထောက်တွေ အကိုက်ခံလိုက်ရတာက ပေါ့တန်တဲ့ ရလဒ်သာ ဖြစ်လိမ့်မည်!

ရင်းချွမ်က ပြတင်းပေါက် ကန့်လန့်ကာကို အနည်းငယ် မတင်လိုက်ပြီး

'သူစိမ်းတွေကို ခွင့်မပြုဘူး' လို့ ပြတ်ပြတ်သားသား ပြောနေတဲ့ အမူအရာနဲ့ ဖြူလုံးကို ကြည့်လိုက်သည်။ ထို့နောက် သူမက ကိုယ်ရံတော်တစ်ယောက်ရဲ့ ဘေးကနေ ပြေးလွှားနေတဲ့ မဲလုံးကို ကြည့်လိုက်ကာ တံတွေးမျိုးမချခင် ပြောလိုက်သည်။

"ထားလိုက်ပါတော့... ဒီအစေခံက မဲလုံးလေးနဲ့ပဲ အရင် ရင်းနှီးဖို့ ကြိုးစားလိုက်ပါတော့မယ်... ဟင့်"

ထိုနှစ်ကောင်နဲ့ ရထားရဲ့ ရိက္ခာများက သိသိသာသာ တိုးလာသည်။ လမ်းတွင် သူတို့က တောရိုင်း လယ်ကွင်းများ ဒါမှမဟုတ် တောအုပ်ငယ်များကို ဖြတ်ကျော်ခဲ့ကြသည်။ ဒီနေရာတွေမှာ တောကောင်ကြီးတွေ မရှိပေမယ့် အကောင်သေးသေးလေးတွေတော့ ရှိသေးသည်။ တခါတရံ နေ့လယ်စာ စားချိန်၌ ထိုနှစ်ကောင်က တောရိုင်းအုပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားကာ မတွေ့ရတော့ပေ။

မကြာမီတွင် ကိုယ်ရံတော်တွေလည်း တောရိုင်းငှက်တွေ၊ တောယုန်ရိုင်းတွေနဲ့ အခြားတောကောင်အသေးစားများရဲ့သင့်လျော်တဲ့ပမာဏကို ထောက်ပံ့နိုင်ခဲ့သည်။ တစ်ခါတစ်ရံ ဝံပုလွေနှစ်ကောင်က တောဆိတ်ရိုင်း သို့မဟုတ် ဒရယ်တွေကိုတောင် ပြန်သယ်လာတတ်သေးသည်။ ယွီရှောင်ချောင်းက အဖွဲ့အတွက် အသားကင်ရန်အတွက် ဟင်းခတ်အမွှေးအကြိုင်အချို့ကို နှုတ်ထားတာကြောင့် ယွီမိသားစုတွေကနေ ကိုယ်ရံတော်များနဲ့ အစေခံများအထိ လူတိုင်းက ချောမောစွာ စားသောက်နိုင်ကြသည်။ ထို့ကြောင့် ဒီဝံပုလွေနှစ်ကောင်နဲ့ အတူရှိတာက ကောင်းတယ်လို့ပင် အားလုံးက သဘောတူလာကြသည်။

ဒီလိုနဲ့ မဲလုံးလေးနဲ့ ဖြူလုံးလေးတို့က ကိုယ်ရံတော်တပ်သားများနဲ့ ရင်းနှီးလာကြသည်။ အဖွဲ့က မြင်းတွေကလည်း ထိုဝံပုလွေနှစ်ကောင်ကို မြင်လျှင်

ထိတ်လန့်ခြင်းမရှိတော့ဘဲ သူတို့ကို 'ခွေးကြီး' တွေလိုသာ မြင်တော့သည်။ မြို့တော်သို့ ရောက်သည့်အချိန်တွင် ကိုယ်ရံတော်များက မဲလုံးလေးနှင့် အပေါင်းအဖော်ကောင်းတွေ ဖြစ်လာသည်။ မဲလုံးလေးက လိုက်လျောညီထွေ နေတတ်တဲ့ စရိုက်ရှိကာ လူအများနဲ့ ပေါင်းသင်း ဆက်ဆံတတ်သည်။ထို့ကြောင့် လူတိုင်းက သူ့ခေါင်းကို အခါအားလျော်စွာ ပွတ်သပ်ပေးကြသည်။

ခရီးတစ်လျှောက်လုံးတွင် သူတို့နှစ်ကောင်လုံးက နေ့စဥ်တိုင်း အမဲလိုက် ကြသည်။ သူတို့စားမကုန်တဲ့ တောကောင် အားလုံးကို သိမ်းဆည်းထားဖို့ သီးသန့်လှည်းပေါ်တွင် ထားလိုက်သည်။ ဆောင်းတွင်းလယ်မို့ အသားတွေ ကို အပြင်မှာ သိမ်းထားရင်တောင် မပျက်စီးသွားပေ။ သူတို့ မြို့တော်တံခါး ဝကို ရောက်လာတဲ့အချိန်၌ လှည်းတစ်စင်းလုံး တောကောင်များနဲ့ ပြည့်နေ တော့သည်။

သူတို့ ရထားတွေက မြို့တံခါးကို ဖြတ်သွားခါနီးတွင် သူတို့ မျှော်လင့်ထား သည့်အတိုင်း မြို့စောင့်များ တားဆီးတာခံလိုက်ရသည်။ သူတို့လုပ်နိုင်တာ ဘာမှမတတ်နိုင်ဘူး... နောက်ဆုံးတော့ ဒီဝံပုလွေကြီးနှစ်ကောင်ကို လွှတ်ပေးဖို့ကအရမ်းခက်ခဲ့နေသည်။

မြို့တော်ကို အစောင့်အကြပ်တာဝန်ကျနေတဲ့ အရာရှိတွေက ယွီရှောင် ချောင်းနဲ့ တော်ဝင်မင်းသားယန်တို့ကို တွေ့တဲ့အခါ မှတ်မိသွားသည်။ သူတို့ ထဲက တစ်ယောက်က ဧကရာဇ် လေးစားခံရတဲ့ သူတို့နှစ်ယောက်ကို မဝံ့မရဲနဲ့ ကြည့်လာပြီး

"တော်ဝင်မင်းသား၊ ပဒေသရာဇ်မင်းသမီး၊ ရက်စက်တဲ့ သားရဲကောင် တွေကို မြို့တော်ထဲ ဝင်ခွင့်မပြုထားပါဘူး... ဒီမှာ သူတို့က တစ်ယောက်ယောက်ကို အန္တရာယ်ပြုခဲ့ရင် ကျွန်တော်မျိုးက တာဝန်မယူ

နိုင်ပါဘူး..."

ရင်းချမ်းက ရဲတင်းတဲ့ စရိုက်ရှိကာ သူမလက်ထဲတွင် ဒရယ်လေးကို ပွေ့ထားရင်း ရှေ့လျှောက်လာသည်။

"မြို့တော်ဆီ ကျွန်မတို့နောက် လိုက်လာတဲ့ဟာကို ရက်စက်ကြမ်းကြုတ်တဲ့ သားကောင်တွေလို့ မြင်ရအောင် ရှင်တို့ မှာ ဘယ်လိုမျက်လုံးမျိုး ရှိနေတာလဲ..."

အစောင့်အရာရှိက မဲလုံးလေးနဲ့ဖြူလုံးလေးဘက်ကို လှမ်းကြည့်လိုက်သည်။ အဲဒါတွေကို သူရည်ညွှန်းတယ်ဆိုတာ သိသာလှသည်။ ရင်းချမ်းက နှာမှုတ်ကာ ပြောလိုက်သည်။

"ရှင်က မျက်လုံးတစ်ခြမ်းကန်းနေတာလား... အဲ့ဒါတွေက အနောက်ကမ္ဘာခြမ်းက သယ်ဆောင်လာတဲ့ ခွေးအမျိုးအစား အသစ်တွေဆိုတာ သိသာပါတယ်... အခု ဘယ်လိုလုပ်ပြီ သူတို့က ကြမ်းကြုတ်ရမှာလဲ... မဲလုံးလေး..."

လက်ရှိတွင် ချစ်စရာကောင်းစွာ ပြုမူပြီး ပတ်ဝန်းကျင်က လူတွေနဲ့ ဆော့ကစားနေတဲ့ မဲလုံးလေးက တစ်စုံတစ်ယောက်က သူ့နာမည်ခေါ်သံကို ကြားလိုက်ရသည်။ သူက ရပ်တန့်ကာ မျက်လုံးရွဲကြီးတွေနဲ့ ထိတ်လန့်နေတဲ့ အမူအရာနဲ့ စပ်စုနေတဲ့ အစောင့်အရာရှိကို ကြည့်လိုက်သည်။ ထို့နောက် ရင်းချမ်းဘက်သို့ လှမ်းကြည့်ကာ'သခင်ရဲ့ အစေခံမလေး၊ မင်းငါ့ကို ဘာအတွက် ခေါ်တာလဲ' ဟု မေးနေပုံရသည်။

"မဲလုံးလေး၊ သူက မင်းကို လူတွေကို ဒုက္ခပေးမယ့် ရက်စက်ကြမ်းကြုတ်တဲ့ တိရစ္ဆာန်လို့ ပြောနေတယ်... မင်းလူတွေကို ကိုက်တတ်လားလို့ သူကို ပြောပြလိုက်..."

ရင်းချွမ်က ငယ်ရွယ်သေးတာကြောင့် သူမ စကားပြောတဲ့အခါတွင် အနည်းငယ် ကလေးဆန်နေသည်။

***